World Health Organization
Myanmar

**အများပြည်သူအတွက်**

# Covid19 ကူးစက်ခံရပါက အိမ်တွင်ပြုစုစောင့်ရှောက်ခြင်း

# မည်သည့်ဆေးဝါးများကို သုံးစွဲရန် (မသုံးစွဲရန်)



## Covid19 လူနာများသည် အိမ်တွင် မည်သည့်ဆေးဝါးများ သုံးစွဲရန် လိုအပ်သလဲ?



**ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်)များ၏ ညွှန်ကြားချက်များကို လိုက်နာပါ။** Covid19 ကပ်ရောဂါ ဖြစ်ပွါးမှုကာလအတွင်း မည်သည့်ဆေးဝါးကိုမဆို သင့်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) များ၏ ညွှန်ကြားချက်များအတိုင်း တိကျစွာ လိုက်နာရန်အလွန်အရေးကြီးပါတယ်။



**အဖျား –** သင့်တွင်အဖျားရှိခြင်း၊ ကြွက်သားများနာကျင်ခြင်း (သို့) ခေါင်းကိုက်ခြင်းရှိပါက Paracetamol ကို သောက်နိုင်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်)များထံမှ Paracetamol ကို ဘယ်လောက် သောက်ရမည်၊ ဘယ်နှစ်ကြိမ်သောက်ရမည်ကို အကြံဉာဏ်ရယူပါ။ အရွယ်ရောက်ပြီးသူများအတွက် ပုံမှန် ဆေး ပမာဏမှာ Paracetamol 500mg ဆေး တစ်ပြား/နှစ်ပြား (သို့) Paracetamol 650mg ဆေးတစ်ပြားကို ၂၄ နာရီ အတွင်း ၄ ကြိမ် သောက်နိုင်ပါတယ်။ တစ်ကြိမ်နှင့်တစ်ကြိမ်ကြား အနည်းဆုံး ၄ နာရီခြားထားပြီးသောက်နိုင်ပါတယ်။ အကယ်၍ သင်သည် အသက် ၁၈ နှစ်အောက်ဖြစ်ပြီး ခန္ဓာကိုယ် အလေးချိန်မှာ 50kg ထက်နဲနေလျှင် သင့်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) ကို အများဆုံး Paracetamol မည်မျှ သောက်နိုင်သည်ကိုမေးမြန်းပါ။ ထိုသို့ညွှန်ကြားသည့်အတိုင်း ဆေးသောက်သော်လဲ အဖျားဆက်တက်နေလျှင် အေးပြီးစိုစွတ်သောအဝတ်ကို နဖူးပေါ်မှာ တင်ထားပါ။




**သင့်ရဲ့သွေးတွင်း အောက်စီဂျင်ပမာဏဟာ ၉၀% (သို့) ၉၀% ထက် ပိုများသော်လည်း၊ ၉၄% ထက်နည်းနေလျှင်၊** မိမိရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်)နှင့် တိုင်ပင်ပါ (သို့) ဆေးရုံတွင် တက်ရောက်၍ ကုသမှုခံယူပါ။ သင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်)က စတီးရွိုက် (steroids) ဆေးများကို ညွှန်းနိုင်ပါတယ်။ ထိုသို့ ညွှန်းလျှင် ၎င်းတို့၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။ မိမိဖာသာ ဆေးဝယ်မသောက်ပါနှင့်။




**သင့်ရဲ့သွေးတွင်း အောက်စီဂျင်ပမာဏဟာ ၉၀% ထက်နည်းနေလျှင် ပြင်းထန်သော Covid19 ဟု ယူဆသည်၊** မိမိရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်)နှင့် တိုင်ပင်ဆွေးနွေးပါ (သို့) ဆေးရုံတက်ကုသမှုခံယူရန် ချက်ချင်း တောင်းဆိုပါ။ အကယ်၍ သင်သည် ဆေးရုံသို့ ချက်ချင်း မသွားနိုင်ပါက သင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ (ဆရာဝန်) က ညွှန်းပေးထားသည့်အတိုင်း အောက်စီဂျင်ကိုသုံး၍ စတီးရွိုက် (steroids) ဆေးများကို သောက်ထားပါ။

**အခြားရောဂါ ထပ်မံကူးစက်ခံရခြင်း** – တစ်ခါတစ်ရံ ပြင်းထန်သော Covid19 ရောဂါရှိသူသည် ထပ်မံ ၍ ဘက်တီးရီးယားပိုး ကူးစက်မှုခံရနိုင်ပြီး အချို့လူနာများတွင် မှိုရောဂါ (fungal infection) ထပ်မံ ကူးစက်မှု ခံရနိုင်ပါတယ်။ ဤသို့ဖြစ်လျှင် သင့်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) သည် ပဋိဇီဝဆေး (သို့) ဖန်းဂတ်စ်ဆေးများကို အကြံပြုလိမ့်မည်။ သို့ပါ၍ လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာပါ။ မိမိ ဖာသာ ဆေးဝယ် မသောက်ပါနှင့်။

## ရှောင်ရှားရမည့် အရာများ

**ပဋိဇီဝဆေးများကို မိမိဖာသာ ဝယ်ယူပြီး မသောက်သုံးပါနှင့်။** Covid19 သည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွါးပြီး ပဋိဇီဝဆေးများသည် ဗိုင်းရပ်စ်ပိုးအပေါ် သက်ရောက်မှုမရှိပါ။

**စတီးရွိုက်ဆေးများ(steroids)ကို မိမိဖာသာ ဝယ်ယူပြီး မသောက်သုံးပါနှင့်။** စတီးရွိုက်ဆေးများ (steroids) ကို အလွန်အကျွံသုံးစွဲခြင်းသည် mucormycosis (အနက်ရောင်မှို) ရောဂါကူးစက်ခြင်း အပါအဝင် အသက်အန္တရာယ်ဖြစ်စေနိုင်သော အကျိုးဆက်များကို ဖြစ်စေနိုင်ပါတယ်။

**အခြားဆေးများကို မိမိ ဖာသာ ဝယ်ယူပြီး မသောက်ပါနှင့်။**
(ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) ၏ အကြံပြုချက်မပါဘဲ)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ **hydroxychloroquine, lopinavir/ritonavir** အသုံးပြုခြင်းကို အကြံမပြုပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ပြင်းထန်သော Covid19 ဆေးရုံတက်လူနာများတွင် **remdesivir** ဆေးအသုံးပြုခြင်းကို ခြွင်းချက်အနေဖြင့် ထောက်ခံအကြံပြုပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ **Ivermectin** ကို လက်တွေ့စမ်းသပ်မှု သုတေသန လုပ်ငန်းများတွင်သာ ဆေးရုံတက်လူနာများတွင် **Covid19** ရောဂါ ကုသရန်အတွက် အသုံးပြုရန် အကြံပြုပါသည်။

---

ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) များက များသောအားဖြင့် ရည်ညွှန်းထားသော/အကြံပေးထားသော စတီးရွိုက်ဆေးများ (steroids) မှာ dexamethasone, methylprednisolone, prednisone နှင့် hydrocortisone တို့ဖြစ်ပါသည်။